# လူမိုက်ဆယ်ပါး

အရှင်ကေလာသ
အောက်တိုဘာ ၆၊ ၂၀၁၅။
---------------------

ဘုန်းဘုန်း ဘုရား၊ တပည့်တော်တို့ ညီအစ်မတွေ ငယ်စဉ်က အဖွား ဆူခံထိတဲ့အခါ 'ညည်းတို့တော့ လူမိုက် ဆယ်ပါးထဲ ပါ တော့မယ်'လို့ ပြောတဲ့အတွက် လူမိုက်ဖြစ်မှာနဲ့ ငရဲကြီးမှာကို ကြောက်ခဲ့ပါသည်။ ယခု တပည့်တော်ရဲ့ သားသမီးတွေ ကို အဖွား ပြောသလို ပြောမိတော့ သူတို့က လူမိုက်ဆယ်ပါးဆိုတာ ဘာလဲလို့ ပြန်မေးတာကို မဖြေနိုင် ဖြစ်နေပါသည်။ လူမိုက် ဆယ်ပါးကို သိလိုပါသည် အရှင်ဘုရား။

ဆောင်းနေခြည်
-------------------------

## ကျမ်းကြီး၌ မလာ

ပါဠိတော် အဋ္ဌကထာ စတဲ့ ကျမ်းဂန်ကြီးတွေမှာ လူမိုက်ဆယ်မျိုး သရုပ်ခွဲပြတာမျိုး မတွေ့ဖူးပါ။ ဓမ္မသတ်ကျမ်း သို့မဟုတ် နီတိကျမ်းတွေမှာ ဖော်ပြတာ ဖြစ်နိုင်တယ်။ ဒီနေရာမှာ အခြေအနေနဲ့ အခါအခွင့် သင့်မသင့်ကို မစဉ်းစားနိုင်တာကို လူမိုက် လို့ ဆိုလိုတယ်။ သတ်ဖြတ် လိမ်ခိုး ကြာရိုး ယစ်ထုပ် မဟုတ်သေးလို့ ငရဲရောက်တဲ့ထိတော့ မဆိုနိုင်ဘူး။ ဒုတိယတန်းစား လူမိုက်လို့ အမည်ပေးရင် သင့်မလားဘဲ။ အဲဒီလို လူမိုက်မျိုး ဆယ်ယောက် ရှိကြောင်း မဃဒေဝလင်္ကာကြီးမှာ အောက်ပါ အတိုင်း ဖော်ပြပါတယ် ..

**'မေးမှားမျိုးနွယ်၊ ရေဆယ်မီးယူ၊ ဝံ(ဝန်)ကူပဲပြုတ်၊ ပုန်းစလုတ်က၊ သစ်ခုတ် ဆေးပေါင်း၊ သမင်ရောင်းငြား၊ မုံ့ဆန်းစားဟု၊ ဆယ်ပါးလူမိုက်၊ ကျင့်စရိုက်နှင့် (မဃဒေဝ၊ ပိုဒ်–၃၇၁)'။**

### ၁) မေးမှားမျိုးနွယ်

အနီရောင် ဝမ်းဆက်နဲ့ အမျိုးသမီးနှစ်ဦး နှုတ်ခမ်းနီ မိတ်ကပ် အစွမ်းကုန် ခြယ်သပြီး အတူလာစဉ် လူငယ် တစ်ယောက် က အစ်မတို့ ဘယ်လို တော်စပ်လဲလို့ မေးတယ်။ မိန်းမကြီးက 'ကျွန်မရဲ့ ဦးလေးကို ဒီကလေးမရဲ့ ဦးလေးက ဦးလေး တော်တယ်'လို့ ဖြေတယ်။ မေးတဲ့ လူငယ်မှာ အခြေအနေကို မဆင်ခြင်တတ်လို့ 'ဒီညီအစ်မတွေ ဟိုရှေ့က ဘုရားကို ယကြာသွား ချေကြပုံပဲ'လို့ တွေးပြီး ကျန်ခဲ့သတဲ့။ ကဲ .. မမိုက်ချင်ရင် ဒီမိန်းမ နှစ်ယောက် ဘယ်လို တော်စပ်ပြီး ဘယ်ကို သွားတာ ဖြစ်နိုင်တယ် ဆိုတာ ကိုယ့်ဟာကိုယ် ဖြေကြည့်။

### ၂) ရေဆယ်

ရေနစ်နေတဲ့ လူကို လက်နဲ့ ကိုင်ဖမ်းပြီး ဆယ်ရင် ရေနစ်သူရဲ့ သဘာဝအတိုင်း အကြောက်လွန်ပြီး ခွန်အားကုန် လုံးထွေး ဖျစ်ညှစ်တတ်လို့ ဆယ်သူပါ အသက်ဆုံးရနိုင်တယ်။ ဒါကြောင့် ရေနစ်နေသူကို ဆယ်ရင် သတိထားရတယ်။ အရင်ဆုံး သစ်ချောင်း ဝါးလုံး ကြိုး စသည်ကို အရင်ပေး၊ ပြီးမှ သူ့ကို နားလည်အောင် ရှင်းပြပြီး ဖမ်းကိုင်ရင် အန္တရာယ် ကင်းတယ်။

### ၃) မီးယူ

ဆင်ခြင် စဉ်းစားဉာဏ် နည်းသူမှာ ဝတ်ထားတဲ့ ပုဆိုးနဲ့ မီးကိုညှိပြီး ကူးယူလို့ မီးလောင် သေဆုံးရတယ်။ ဒီလိုပဲ ကိုယ် ဝတ်ထားတဲ့ အင်္ကျီပုဆိုး စသည်မှာ ရေနံ ဓာတ်ဆီ ရေနံချေး စသည် ပေကျံနေရင် ဆေးလိပ် မီးညှိတာ၊ မှောင်လို့ အမှတ် တမဲ့ ဖယောင်းတိုင် မှန်အိမ် မီးထွန်းတာမျိုးကို ရှောင်ရမယ်။

### ၄) ဝံကူ (ဝန်ကူ)

လူကို ဝံ(သတ္တဝါ) ကိုက်နေစဉ် နောက်က မကူဘဲ မဆင်မခြင် ရှေ့က တုတ်ရမ်းပြီး သွားကူရင် ကိုက်ခံရတဲ့ လူကို လွှတ် ပြီး တုတ်ကိုင်ထားတဲ့ ကူညီသူကို ရန်ရှာတတ်တယ်။ ဝန်ကူလို့ န–သတ်နဲ့ ရေးရင် .. ဝန်လေး ထမ်းပြီး အမြင့်က ဆင်း လာသူက ကူညီပါလို့ ဆိုတဲ့အခါ ကူညီတဲ့ လူမိုက်က အနိမ့်ကနေပြီး ဝန်ထုပ်ကို ပေးပါ ဆိုပြီး လှမ်းယူရင် အမြင့်လူက ဝန်လေးနဲ့ ပခုံးပေါ်ကို တင်မိပါက ဝန်ထုပ်ပိပြီး ကူညီသူ ခါးကျိုး မှောက်လဲ ဖြစ်တတ်တယ်။

**၅) ပဲပြုတ်**

ဟိုဖက်ရွာကို ရောက်မှ ပြုတ်ပြီး စားမယ့် ပဲခြောက်အိတ်ကို ဒီဖက်ရွာ ကတည်းက ပြုတ်ပြီး ယူသွားတော့ ပေါ့ပေါ့ ထမ်းရမယ့်အစား ဝန်လေးကို ထမ်းသွားရတာပေါ့။ ဒါက နမူနာပါ။ အဲဒီလို ကြိုပြီး မစဉ်းစားလိုက်မိလို့ မှားသွားတဲ့ ဘဝအတွေ့အကြုံ လူတိုင်း ရှိနိုင်ပါတယ်။ တစ်ခါ ဖြစ်ပြီးရင် နောက်ထပ် မဖြစ်အောင် သတိထားနိုင်ဖို့ ဒီနမူနာလေးနဲ့ ဆုံးမတာ။

**၆) ပုန်းစလုတ်**

အမှိုက်သရိုက် မရှိဘဲ ရှင်းလင်းတဲ့ နေရာမှာ မပုန်းဘဲ သစ် ရွက်ထူတဲ့ ချုံစပ်မှာ ပုန်းမိရင် မြွေကင်း စသည်ရဲ့ အန္တရာယ်နဲ့ ကြုံရတတ်တယ်။ ဘုန်းကြီး ငယ်စဉ် (အဲဒီတုန်းက အသက် ၁၀–နှစ်) တောရွာမှာ ကြုံခဲ့ရပုံ .. မနက် လင်းကြက် တွန်ချိန်လောက် ကင်းစောင့်သမားက 'ဓားမြပဟော့ .. ဓားမြ၊ ပြေးကြ'လို့ အော်သံကို ကြားလို့ ဘာတစ်ခုမှ မယူနိုင်ဘဲ အူယားဖားယားနဲ့ ပြေးပြီး ရွာထိပ်က ညောင်ပင်အောက်မှာ ပုန်းကြတယ်။ မိုးလင်းတော့ ဘုန်းကြီးထိုင်တဲ့ နေရာနဲ့ သုံးပေလောက် အကွာမှာ ခြောက်ပေလောက် ရှည်တဲ့ လင်းမြွေကြီး တစ်ကောင် တဖြည်းဖြည်း ရွေ့နေတာကို တွေ့တယ်။ လန့်လိုက်တဲ့ ဖြစ်ခြင်း။ ခုတိ အသည်းယားတုန်း။ မြွေဟောက်သာ ဖြစ်ရင် ခုလောက်ဆို အရိုးတောင် ဆွေးပြီ။

**၇) သစ်ခုတ်**

သစ်ပင်ကို လဲကျလာနိုင်တဲ့ဖက်က လူနေပြီး ခုတ်ရင် သစ်ပင်လည်း လဲရော လူလည်း 'ကြွ' တော့မှာပေါ့။ သစ်ကိုင်းကို တစ်ဝက်လောက်က ဖြတ်ချလို့ သစ်ကိုင်း ရမ်းပြီး လူပြုတ်ကျတာကို တွေ့ဖူးမှာပေါ့။

**၈) ဆေးပေါင်း**

ပျားရည် တစ်ဇွန်းနဲ့ ရှားစောင်းစေး တစ်စက် ရောရမှာကို ပျားရည် တစ်စက်နဲ့ ရှားစောင်းစေး တစ်ဇွန်း ရောပြီး ပေးမိတဲ့ ဆေးသမား မိုက်ကြောင့် လူနာ သေရတယ်။ ငယ်စဉ်က ရွာမှာ တောမှာ လူနာတွေကို အခကြေးငွေနဲ့ ဆေးလိုက်ထိုးပေးတဲ့ ဒေါက်တာ ရမ်းကု တစ်ယောက် ပင်နီဆီလင် ဆေးရည်ကို တည့်မတည့် မစမ်းဘဲ ထိုးမိလို့ ဆေးမှားပြီး ရွာက ဘုန်းကြီး မသေရုံ ခံလိုက်ရဖူးတာကို အမှတ်ရတယ်။

**၉) သမင်ရောင်း**

မုဆိုးတစ်ယောက် သမင်နှစ်ကောင် ရောင်းဖို့ ထမ်းလာတော့ လမ်းမှာ လူတစ်ယောက်က 'တစ်ကောင် ဘယ်လောက်လဲ' လို့ မေးတယ်။ 'အကြီးကောင် တစ်ဆယ်ကျပ်၊ အငယ်ကောင် ငါးကျပ်'။ မေးသူက အငယ်ကောင်ကို ငါးကျပ်နဲ့ ဝယ်လိုက်တယ်။ အတန်ငယ် သွားပြီးမှ ပြန်လှည့်လာပြီး 'အကြီးကောင်ကို ရောင်းပါ'လို့ ပြောတယ်။ မုဆိုးက 'တစ်ဆယ် ပေးပါ' တဲ့။ ဝယ်သူက 'ယခင် ငါးကျပ် ပေးဖြစ်လို့ သမင်ငယ်ရဲ့ တန်ဖိုး ငါးကျပ်နဲ့ ပေါင်းရင် တစ်ဆယ်ကျပ်'ဆိုတော့ မတွေးတတ်တဲ့ မုဆိုးက အဟုတ်မှတ်ပြီး သမင်ကြီးကို ပေးလိုက်သတဲ့။

မကြာခင်က ဘုန်းကြီးဆီ အလည်ကြွတဲ့ ကိုယ်တော်က ဈေးမှာ $ 9.99 ကို ကြည့်ပြီး '၉–ကျပ်'ဆို မဆိုးဘူးတဲ့။ 'နောက်က .99 ကို ဘုန်းကြီး သတိ မထားမိဘူး'လို့ ဘုန်းကြီးက ပြောတော့မှ 'ဟုတ်သားပဲ'တဲ့။ အခွန်ပါ ထည့်ပြီး $ 11.50 ခန့်ထိ ဖြစ်သွားမှာ။ အဲဒါ ဂျူးလူမျိုး စီးပွားရေး သမားတွေရဲ့ ဦးနှောက်လို့ ကြားဖူးရဲ့။

**၁၀) မုံ့ဆန်းစား**

လယ်သမား လုလင်တစ်ယောက် ဇနီးသည် လုပ်ပေးလိုက်တဲ့ မုံ့ဆန်းကို စားနေခိုက် ယောက္ခမ ရောက်လာပြီး ဘာစားနေလဲလို့ မေးတယ်။ မုံ့ဆန်းစားတယ်လို့ ပြောရမှာကို ရှက်တဲ့အတွက် မုံ့ဆန်းကို ပါးစပ်မှာ အပြည့်ငုံပြီး ပါးရောင်နေပါတယ်လို့ ဖြေသတဲ့။ ပါးရောင်ရင် စူးနဲ့ ထိုးမှ ပျောက်မယ်ဆိုတော့ လုလင်က အထိုးခံသတဲ့။ ပါးစပ်ပေါက်က မုံ့ဆန်းထွက်ကျမှပဲ ယောက္ခမမှာ အမှန်အတိုင်း သိရတော့သတဲ့။

အဲဒီတော့ ခုလို ခေတ်ကာလကြီးမှာ အပြောအဆို အနေအထိုင် အပြုအမူ အယူအဆ အရေးအသား အသွားအလာ မမိုက်နိုင်မှ လင်းနိုင်မှ တော်ကာကျမယ်လို့ ဟောဒီ လူမိုက်ဆယ်မျိုးက သင်ပြကြောင်းလည်း ဖြည့်ပြီး ဖြေလိုက်ပါရစေ။ ❐